# LESSON 22 写真(しゃしん)を撮(と)りましょう

**Shashin o torimashoo**

ဓာတ်ပုံရိုက်ရအောင်။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| ミーヤー：<br>မီးယာ | すごい!<br>Sugo⌉i! | အံ့သြစရာကောင်းတယ်။ |
| | タム、見(み)て見(み)て!<br>Ta⌉mu, mi⌉te mi⌉te! | တမ်၊ ကြည့်ပါဦး ကြည့်ပါဦး။ |
| タム　：<br>တမ် | わあ、大(おお)きいですね。<br>Waa, ooki⌉i de⌉su ne. | ဟယ်၊ အကြီးကြီးပဲနော်။ |
| | 初(はじ)めて見(み)ました。<br>Haji⌉mete mima⌉shita. | ပထမဆုံး မြင်ဖူးတာပဲ။ |
| 海斗(かいと)　：<br>ကိုက်တို | どうやって作(つく)ったんだろう・・・。<br>Do⌉o yatte tsuku⌉ttan daro⌉o... | ဘယ်လိုများ လုပ်ထားတာပါလိမ့်။ |
| タム　：<br>တမ် | きれいですね。<br>Ki⌉ree de⌉su ne. | လှတယ်နော်။ |
| | みんなで写真(しゃしん)を撮(と)りましょう。<br>Minna⌉ de shashin o torimasho⌉o. | အားလုံး အတူတူ ဓာတ်ပုံရိုက်ရအောင်။ |
| ミーヤー：<br>မီးယာ | いいね。<br>I⌉ine. | ကောင်းတာပေါ့။ |

### ဝေါဟာရ

| | | |
|---|---|---|
| 見(み)る　ကြည့်တယ်<br>mi⌉ru | 大(おお)きい　ကြီးတဲ့<br>ooki⌉i | 初(はじ)めて　ပထမဆုံး<br>haji⌉mete |
| どうやって　ဘယ်လို<br>do⌉oyatte | 作(つく)る　ပြုလုပ်တယ်<br>tsuku⌉ru | きれい（な）　လှတဲ့<br>ki⌉ree (na) |
| みんなで　အားလုံး အတူတူ<br>minna⌉ de | 写真(しゃしん)を撮(と)る　ဓာတ်ပုံရိုက်တယ်<br>shashin o to⌉ru | いい　ကောင်းတဲ့<br>i⌉i |


©NHK WORLD-JAPAN

အဓိက အသုံးအနှုန်း

| Can-do! | တစ်ဖက်လူကို တစ်ခုခု အတူလုပ်ဖို့ အဖော်စပ်နိုင်တယ် (၁) |
|---|---|

# 写真(しゃしん)を撮(と)りましょう。

**Shashin o torimashoꜜo.**

ဓာတ်ပုံရိုက်ရအောင်။

တစ်စုံတစ်ယောက်ကို ကိုယ်နဲ့အတူ တစ်ခုခု ပြုလုပ်ဖို့ အဖော်စပ်တဲ့အခါ MASU-ပုံစံကြိယာရဲ့ အဆုံးက “masu” ကို ဖြုတ်ပြီး “mashoo” ပေါင်းထည့်ပြီး ပြောရပါမယ်။ “shashin o toru” “ဓာတ်ပုံရိုက်တယ်” မှာပါတဲ့ ကြိယာ “toru” ရဲ့ MASU-ပုံစံက “torimasu” ဖြစ်တာကြောင့် “torimashoo” လို့ဖြစ်သွားပါတယ်။

**သုံးကြည့်ကြရအောင်**

この店(みせ)に入りましょう。
Kono miseꜜ ni hairimashoꜜo.

いいですね。
Iꜜi deꜜsu ne.




ဒီဆိုင်ထဲ ဝင်ရအောင်။
ကောင်းတာပေါ့။

**ကြိုးစားကြည့်ရအောင်**

**～ましょう。** XXX ရအောင်။
～mashoꜜo.

① **時計台(とけいだい)に行(い)く(→行(い)きます)**
tokeedai ni iku (→ikimaꜜsu)
နာရီစင်ကို သွားတယ်




② **ちょっと休(やす)む(→休(やす)みます)**
choꜜtto yasuꜜmu (→yasumimaꜜsu)
ခဏအနားယူတယ်



ဒီကနေ့အတွက် အပိုဆု စကား

## すごい!

**Sugoꜜi !**

အံ့သြစရာကောင်းတယ်။

အံ့သြတဲ့အခါ၊ အထင်ကြီးလေးစားတဲ့အခါ၊ စိတ်လှုပ်ရှားတဲ့အခါမှာ အသုံးပြုပါတယ်။ “Sugoi desu ne” လို့ ပိုပြီး ယဉ်ယဉ်ကျေးကျေး ပြောလို့ရပါတယ်။

 ©NHK WORLD-JAPAN



မီးယာရဲ့ ခရီးသွားလမ်းညွှန်

# နာမည်ကျော် လည်ပတ်စရာနေရာ - ဟော့ကိုင်းဒိုး

ဟော့ကိုင်းဒိုးဟာ ကြီးကျယ်များပြားလှတဲ့ သဘာဝ အလှတရားတွေနဲ့ ခရီးသွားတွေကို ဆွဲဆောင်နေပါတယ်။ UNESCO ရဲ့ ကမ္ဘာ့သဘာဝအမွေအနှစ်နေရာ တစ်ခု ဖြစ်တဲ့ ရှီရဲတိုကိုမှာ သားရိုင်းတိရစ္ဆာန် အမြောက်အမြား နေထိုင်ကျက်စားနေကြပါတယ်။ ဆောင်းရာသီမှာ နှင်းပွဲတော်နဲ့ နှင်းလျှောစီးတာလို ဆောင်းရာသီ အားကစားနည်းတွေကိုလည်း ခံစားပျော်ရွှင်နိုင်ပတယ်။ အာစာ့ဟိခါဝမြို့က အာစာ့ဟိယာမ တိရစ္ဆာန်ရုံမှာဆိုရင် နှင်းတွေပေါ်မှာ ပင်ဂွင်းငှက်လေးတွေ တန်းစီပြီး ချစ်စဖွယ် လမ်းလျှောက်နေတာကို ကြည့်ရှုနိုင်ပါတယ်။

စပ်ပိုရို နှင်းပွဲတော်



©HTB

ရှီလေးတိုကိုက ဝက်ဝံညို



©SHIRETOKO SIGHTSEEING CRUISER DOLPHIN



စပ်ပိုရို နာရီစင်



အာစာ့ဟိယာမ တိရစ္ဆာန်ရုံက ပင်ဂွင်းငှက်တွေ



©Asahiyama Zoo

အဖြေ ① 時計台(とけいだい)に行(い)きましょう。 Tokeedai ni ikimasho͞o.

② ちょっと休(やす)みましょう。 Cho͞tto yasumimasho͞o.